**သမတအိမ်တော်၊ ရန်ကုန်မြို့။**

# ၁၉၅၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

**[၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၇။]**

**၁၃၁၃ ခု၊ နှောင်းတန်းခူးလဆန်း ၆ ရက်။**

**(၁၉၅၂ ခု၊ မတ်လ ၃၁ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ အောက်ဖေါ် ပြပါ အက်ဥပဒေကို ထုတ်ပြန် ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။ (၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်းငွေကျပ် ၄,၂၄,၅၄,၅၄၀ (ဤအက်ဥပဒေ ဇယားတွင် ဖေါ် ပြထားသည်) ကိုထုတ်၍၊ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၁ ခုနှစ်၊ ဘဏ္ဍာ တော်ငွေခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၅) အရခွင့်ပြုထားသည့် ဘဏ္ဍာ တော်ငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍မှတ်ယူရမည်။

**ဇယား။**

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| ရဲအဖွဲ့... ... ... ... | ၃၇,၄၅,၇၀၀ |
| သာသနာရေးကိစ္စများ ... ... ... | ၃၁,၂၂,၀၇၀ |
| ပညာရေး ... ... ... ... | ၁၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး | ၁၀ |
| စိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမငွေစုငွေချေးလုပ်ငန်းနှင့် ငတ်မွတ်ခေါင်းပါးခြင်းကယ်ဆယ်ရေး ... ... | ၁၀ |

| | |
|---|---|
| အထွေထွေဌာနများ ... ... ... | ၁၆,၀၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... ... ... | ၆,၀၀,၀၀၀ |
| အထွေထွေ ... ... ... | ၁,၈၂,၉၅၀ |
| ကာကွယ်ရေး ... ... ... | ၂၀ |
| စာပို့တိုက်နှင့် ကြေးနန်းအတွက် မ,တည်ငွေရင်း ... ... | ၅၀ |
| ရဲအဖွဲ့အတွက် မ,တည်ငွေရင်း ... ... ... | ၇၅,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များအတွက် မ,တည်ငွေရင်း ... | ၂၀ |
| နိုင်ငံခြားရေးအတွက် မ,တည်ငွေရင်း .. ... | ၂,၇၀,၀၀၀ |
| ဆေးဘက်ဆိုင်ရာအတွက် မ,တည်ငွေရင်း ... ... | ၂၀ |
| လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း ... | ၁၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၁၈,၅၈,၆၆၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း ... | ၁၀ |
| စီမံကိန်းအဖွဲ့များနှင့် မြန်မာနိုင်ငံတော် မီးရထားအဖွဲ့သို့ ချေးငွေများ ... | ၃,၀၀,၀၀,၀၀၀ |
| အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့်ကြိုတင်ထုတ် ပေးငွေများ ... ... ... | ၁၀,၀၀,၀၀၀ |
| ပေါင်း ... | ၄,၂၄,၅၄,၅၄၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၃ ခု၊ နှောင်းတန်းခူးလဆန်း ၆ ရက်။

(၁၉၅၂ ခု၊ မတ်လ ၃၁ ရက်။)

၁၉၅၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၃၈]